# Delta Galil ကျင့်ဝတ်စည်းမျဉ်း

## ရည်ရွယ်ချက်

Delta Galil Industries Ltd. ("Delta Galil") ၏ အဖွဲ့ဝင်ကုမ္ပဏီများနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် အနိမ့်ဆုံး သတ်မှတ်ချက်များကို လိုရင်းချုပ်၍ဖော်ပြရန် ဤကျင့်ဝတ်စည်းမျဉ်းကို စီစဉ်ရေးသားထားသည်။ Delta Galil သည် ပေးသွင်းသူအားလုံးအား ဤကျင့်ဝတ်တွင် ဖော်ပြထားသည့် အပိုဒ်ငယ်အားလုံးနှင့် ပတ်သက်သည့် စွန့်စားမှု ချင့်တွက်ခြင်း လုပ်ဆောင်ရန်နှင့် လစ်ဟင်းမှုများနှင့် တိုးတက်လုပ်ဆောင်ရန် အလားအလာရှိသည့် ကဏ္ဍများကို ဖော်ထုတ်ခြင်းဖြင့် စွန့်စားမှုကို ကြိုတင်စီစဉ်၍ လျှော့ချရန်အလို့ငှာ Delta Galil ထံသို့ ရောင်းချသည့် ကုန်စည်အတွက် ကုန်ကြမ်းများ သို့မဟုတ် ဖြည့်သွင်းမှုများ ထည့်သွင်းပေးသည့် ပေးသွင်းသူများအား ဤမူဝါဒကို အသိပေးပြောပြရန် လိုလားပါသည်။

## ဥပဒေဆိုင်ရာ တာဝန်ယူမှု

Delta Galil နှင့် ၎င်း၏ အဖွဲ့ဝင် ကုမ္ပဏီများသည် လုပ်ငန်းလုပ်ကိုင်သည့် တရားစီရင်ပိုင်ခွင့်နှင့် ၎င်းတို့၏ ကုန်စည်များ အရောင်းအဝယ်လုပ်သည့် တရားစီရင်ပိုင်ခွင့်ရှိ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာသည့် ဤတွင် "ပေးသွင်းသူများ" ဟု ရည်ညွှန်းသော ခွင့်ပြုချက်ရ ကန်ထရိုက်တာများ၊ ပေးသွင်းသူများ၊ ရောင်းချသူများနှင့် အေးဂျင့်များနှင့်သာ လုပ်ငန်း လုပ်ကိုင်ပါမည်။ Delta Galil သည် ၎င်း၏ ဝန်ထမ်းများ သို့မဟုတ် ၎င်း၏ လုပ်ငန်းမိတ်ဖက်များ၏ ဥပဒေလိုက်နာရန် ပျက်ကွက်မှုမှန်သမျှကို သည်းခံမည်မဟုတ်ဘဲ ၎င်း၏ ဝန်ထမ်းများနှင့် မိတ်ဖက်များအား ဥပဒေ သို့မဟုတ် စည်းမျဉ်း၏ မသင်္ကာဖွယ်ရာ ချိုးဖောက်မှုမှန်သမျှကို မဆိုင်းမတွဘဲ သတင်းပေးပို့ရန် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဤကျင့်ဝတ်၊ သက်ဆိုင်ရာ ဖောက်သည် ကျင့်ဝတ်နှင့် ဥပဒေကြား ခြားနားချက်များရှိသည့် ဖြစ်ရပ်အားလုံးတွင် ပိုမြင့်မားသော စံနှုန်းကို ကျင့်သုံးရပါမည်။

## ပွင့်လင်းမြင်သာမှု

Delta Galil သည် အတူတကွ လုပ်ကိုင်သည့်အခါ အကြောင်းကိစ္စအားလုံးအတွက် ပွင့်လင်းမြင်သာမှု အပြည့်အဝ လိုလားပါသည်။ ပေးသွင်းသူများနှင့် ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏ လုပ်ငန်း အလေ့အထတွင် ကျင့်ဝတ်နှင့်အညီဆောင်ရွက်ရမည်။ ပေးသွင်းသူများသည် Delta Galil နှင့် သဘောတူထားသည့် မှတ်တမ်းထိန်းသိမ်းရေး သတ်မှတ်ပြဋ္ဌာန်းချက်များဟုသာ ကန့်သတ်မထားသည့် ဤစံနှုန်းများနှင့်အတူ လေးစားလိုက်နာရေးကို လက်တွေ့ဖော်ဆောင်ရန် လိုအပ်သည့် မှတ်တမ်းမှတ်ရာအားလုံးကို လုပ်ငန်းခွင်တွင် 5 နှစ်တာကာလအထိ ထိန်းသိမ်းထားရှိရမည်။ Delta Galil သည် အဆိုပါ စံနှုန်းများ လေးစားလိုက်နာမှုကို စောင့်ကြည့်ရန် ကြေညာထား၍ဖြစ်စေ သို့မဟုတ် ကြေညာမထား၍ဖြစ်စေ ထုတ်လုပ်ရေးအလုပ်ရုံများ၏ လုပ်ငန်းခွင် စစ်ဆေးမှုများကဲ့သို့ ဟုတ်မှန်ကြောင်းသေချာစေရေး စီမံချက်များကို လုပ်ဆောင်သွားပါမည်။ ပေးသွင်းသူများသည် လာရောက်မှုများကို စောင့်ကြည့်ခြင်းနှင့် စပ်လျဉ်း၍ လျှို့ဝှက်သော တွေ့ဆုံမေးမြန်းမှုများအတွက် Delta Galil ကိုယ်စားလှယ်များအား ထုတ်လုပ်ရေးအလုပ်ရုံများ၊ ဝန်ထမ်းမှတ်တမ်းများနှင့် ဝန်ထမ်းများကို ကြည့်ရှုတွေ့ဆုံခွင့် အပြည့်အဝ ခွင့်ပြုပေးရမည်။ ထို့အပြင် ပေးသွင်းသူများသည် စာရင်းစစ်တွင် အမည်တပ်ဖော်ပြထားသည့် အကြောင်းအရာများနှင့် စပ်လျဉ်းပြီး Delta Galil ကိုယ်စားလှယ်များ၏ ကျိုးကြောင်းသင့်လျော်သော စုံစမ်းမေးမြန်းမှုများကို မဆိုင်းမတွဘဲ တုံ့ပြန်ပေးရမည်။ ကြည့်ရှုတွေ့ဆုံခွင့် အပြည့်အဝပေးရန် သို့မဟုတ် ကျိုးကြောင်းသင့်သော စုံစမ်းမေးမြန်းမှုများကို တုံ့ပြန်ဖြေကြားရန် ပျက်ကွက်ခြင်းသည် အရေးယူပိတ်ဆို့မှုများ သို့မဟုတ် ပေးသွင်းသူများနှင့် လုပ်ငန်းဆက်ဆံမှုများ ရပ်စဲမှုတို့ ဖြစ်လာစေနိုင်ပါသည်။ ထို့အပြင် Delta Galil သည် ၎င်း၏ ပေးသွင်းမှုကွင်းဆက်ရှိ အဆင့်အားလုံးမှ ၎င်း၏ ပေးသွင်းသူများကို သိရှိထားရန် ကတိပြုပါသည်။ Delta Galil သည် ၎င်း၏ ပေးသွင်းသူမျာအား Delta Galil အတွက် ကုန်စည် ထုတ်လုပ်ပေးသည့် ပေးသွင်းမှုကွင်းဆက်အားလုံး အသေးစိတ်စီစဉ်မှုတွင် ကူညီပေးခြင်းဖြင့် ဤကတိကဝတ်ကို အကျိုးပြုထောက်ပံ့ရန် လိုလားပါသည်။

## အလုပ်အကိုင် ဆက်ဆံရေး

ပေးသွင်းသူများသည် အလုပ်သမားများကို လေးစားပြီး အနိမ့်ဆုံးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံတကာ အလုပ်သမားနှင့် လူမှုဖူလုံရေး ဥပဒေများနှင့် စည်းမျဉ်းများအရ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် အလုပ် စည်းကမ်းသတ်မှတ်ချက်များကို လက်ခံသဘောတူပြီး လိုက်နာကြပါသည်။ အလုပ်သမားအားလုံးအား အိမ်မှမထွက်ခွာခင် ၎င်းတို့၏ အလုပ်အတွက် အခြေခံစည်းကမ်းချက်များကို အသိပေးထားရမည်။

## ခွဲခြားဆက်ဆံမှုမပြုရေး

Delta Galil သည် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုများကို အသိအမှတ်ပြုပြီး လေးစားသော်လည်း အလုပ်သည် လုပ်နိုင်စွမ်းပေါ်သာ မူတည်သင့်ပြီး ယုံကြည်မှု သို့မဟုတ် အခြား ကိုယ်ပိုင် ထူးခြားသော ပင်ကိုလက္ခဏာပေါ် မမူတည်သင့်ပါ။ Delta Galil သည် ဝန်ထမ်းအားလုံး၏ မျှတပြီး

DELTA GALIL
INDUSTRIES LTD.

တန်းတူညီမျှသော ဆက်ဆံမှုအတွက် အခိုင်အမာ ကတိကဝတ်ပြုပါသည်။ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ၎င်းတို့၏ ကျွမ်းကျင်မှုများ၊ အရည်အချင်းများနှင့် ထူးချွန်မှုများနှင့်အညီ ချင့်ချိန်အကဲဖြတ်သင့်ပါသည်။ ပေးသွင်းသူများသည် လူမှုရေးအုပ်စု၊ တိုင်းရင်းသားဇစ်မြစ်၊ လူမျိုး၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ အသက်၊ မသန်စွမ်းမှု သို့မဟုတ် အခြားထူးခြားသော ပင်ကိုလက္ခဏာပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု အပါအဝင် အလုပ်ခန့်ခြင်း၊ နစ်နာကြေးပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူခြင်း၊ အလုပ်ထုတ်ခြင်း သို့မဟုတ် အငြိမ်းစားယူစေခြင်းတို့တွင် ခွဲခြားဆက်ဆံမှု မပြုရပါ။

အဓမ္မလုပ်သား

ပေးသွင်းသူများသည် အကျဉ်းချထားသော၊ လစာမဲ့လုပ်စေသော၊ ခံဝန်ဖြင့်လုပ်စေသော သို့မဟုတ် အခြားအဓမ္မပြုစေသော လုပ်သားပုံစံများ အပါအဝင် အဓမ္မလုပ်သားကို အသုံးမပြုရပါ။ မည်သည့်လုပ်သားကမျှ အလုပ်အတွက် ငွေပေးရန် မလိုအပ်ရပါ။ အလုပ်သမားများ ခေါ်ယူမှု သို့မဟုတ် စီမံဆောင်ရွက်မှုနှင့် ဆက်စပ်သည့် စရိတ်များနှင့် အဖိုးအခများ အားလုံးကို အလုပ်ရှင်က ပေးဆောင်ရမည်ဖြစ်ပြီး အလုပ်သမားများထံမှ ပြန်လည်ကောက်ခံခြင်း မပြုရပါ။ အလုပ်သမားများအနေဖြင့် မိမိတို့၏ ခရီးသွားမှတ်တမ်းများအပေါ် ထိန်းချုပ်မှု ရှိရမည်ဖြစ်ပြီး လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် အပြည့်အဝ ရှိရမည်။ ပေးသွင်းသူများသည် ILO အဓမ္မလုပ်သား အညွှန်းကိန်းများတွင် ဖော်ပြထားသည့်အတိုင်း အဓမ္မလုပ်သား အညွှန်းကိန်းအားလုံး ကင်းရှင်းကြောင်း သေချာစိစစ်ရမည်။ Delta Galil ပေးသွင်းသူအားလုံး နားလည်ပြီး လက်မှတ်ရေးထိုးရမည့် Delta Galil ၏ အဓမ္မလုပ်သား ထောက်ခံချက်တွင် နောက်ထပ် သတ်မှတ်ပြဋ္ဌာန်းချက်များကို အသေးစိတ် ဖော်ပြထားသည်။ Delta Galil ၏ အဓမ္မလုပ်သား ထောက်ခံချက်ပါ အချက်တစ်စုံတစ်ရာနှင့် အချက်အားလုံးကို ဤကျင့်ဝတ်တွင် ပေါင်းစည်းထားပါသည်။

ကလေးလုပ်သား

ပေးသွင်းသူများသည် အသက် 15 နှစ် သို့မဟုတ် နိုင်ငံ၏ ဥပဒေနှင့်အညီ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အောက်ဖြစ်စေ သို့မဟုတ် မတက်မနေတက်ရသည့် ပညာရေး ပြီးစီးထားရမည့် အသက်အရွယ်အောက်ဖြစ်စေ ပိုမြင့်သည့် အသက်အရွယ်အောက် ရှိနေသည့် မည်သူ့ကိုမျှ အလုပ်မခန့်ရပါ။ အသက် 18 နှစ်အောက် ဝန်ထမ်းများကို လူငယ် အလုပ်သမားများဆိုင်ရာ ဒေသန္တရ စည်းမျဉ်းများနှင့်အညီ အလုပ်ခန့်အပ်ရပါမည်။

လွတ်လပ်စွာ သင်းဖွဲ့ခြင်းနှင့် စုပေါင်းညှိနှိုင်းခြင်း

ပေးသွင်းသူများသည် အလုပ်သမားများ၏ လွတ်လပ်စွာ သင်းဖွဲ့ခွင့်၊ စုပေါင်းညှိနှိုင်းခွင့်နှင့် နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှု၊ ဒုက္ခပေးမှု သို့မဟုတ် လက်တုံ့ပြန်မှုကို ကြောက်လန့်စရာမလိုဘဲ အခွင့်အရေးများကို ကာကွယ်ရန် အရေးယူလုပ်ဆောင်ပိုင်ခွင့်တို့ကို အသိအမှတ်ပြုပြီး လေးစားရပါမည်။ ပေးသွင်းသူများသည် လွတ်လပ်စွာ သင်းဖွဲ့ခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်ကို ဒေသန္တရ ဥပဒေအရ တားမြစ်ထားသည့် နိုင်ငံများတွင်လည်း ဤအခွင့်အရေးကို အသိအမှတ်ပြုရမည်။

နစ်နာချက် လုပ်ထုံးလုပ်နည်းကို အသုံးချခြင်း

ပေးသွင်းသူများသည် အလုပ်သမားများအနေဖြင့် အမည်မဖော်ပြသည့် တိုင်ကြားရေးလမ်းကြောင်းတစ်ခု အပါအဝင် တိုင်ကြားရေးလမ်းကြောင်းများစွာ ပါဝင်သည့် ထိရောက်သော နစ်နာချက် လုပ်ထုံးလုပ်နည်းများ အသုံးပြုခွင့် ရှိကြောင်း သေချာဆောင်ရွက်ရမည်။

နှောင့်ယှက်မှုနှင့် စော်ကားမှု

ဝန်ထမ်းများသည် ကုမ္ပဏီတွင်း ရာထူးကို ထည့်သွင်းမစဉ်းစားဘဲ အမျိုးသားဖြစ်စေ သို့မဟုတ် အမျိုးသမီးဖြစ်စေ အခြား ဝန်ထမ်းတစ်ဦး၏ နှုတ်ပိုင်း၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ စော်ကားမှု၊ လိင်ပိုင်းနှောင့်ယှက်မှု၊ ခေါင်းပုံအမြတ်ထုတ်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှု သို့မဟုတ် အရှက်ခွဲမှု မရှိသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်ပိုင်ခွင့် ရှိသည်၊ ပေးသွင်းသူများသည် ဝန်ထမ်းအားလုံးကို ဂုဏ်သိက္ခာရှိစွာနှင့် လေးစားသမှုဖြင့် ဆက်ဆံရမည်။

အလုပ်ချိန်များနှင့် နားချိန်

ပေးသွင်းသူများသည် ဝန်ထမ်းများ လုပ်ကိုင်ခဲ့သည့် အလုပ်ချိန်များက ကုန်ထုတ်လုပ်နေသည့် တရားစီရင်ပိုင်ခွင့်ရှိ ပုံမှန်ချိန်များနှင့် အချိန်ပိုနာရီများဆိုင်ရာ ဥပဒေအရ ကန့်သတ်တားမြစ်ချက်များထက် မကျော်လွန်စေရန် သေချာဆောင်ရွက်ရမည်။ ပုံမှန် အလုပ်ရက်သတ္တပတ်သည် 48 နာရီထက် မပိုရပါ။ အချိန်ပိုအလုပ်ချိန်အားလုံးမှာ အများသဘောဆန္ဒအရ ဖြစ်ရမည်။ ပေးသွင်းသူများသည် အချိန်ပိုကို ပုံမှန်ပုံစံဖြင့် မတောင်းဆိုရဘဲ အချိန်ပိုအလုပ်အားလုံးအတွက် ပုံမှန်ထက်ပိုသောနှုန်းဖြင့် လုပ်အားခပေးရမည်။ သာမန်ထက်လွန်ကဲသော အခြေအနေများမှတစ်ပါး တစ်ပတ်စာ ပုံမှန်နှင့် အချိန်ပို နာရီများ၏ ပေါင်းခြင်းသည် နာရီ 60 ထက် မပိုရပါ။ ဝန်ထမ်းအားလုံးသည် ခုနစ်ရက်ကာလတိုင်းတွင် ဆက်တိုက် 24 နာရီနှင့်ညီမျှသည့် အနည်းဆုံး တစ်ရက်တာကို ခံစားပိုင်ခွင့် ရှိရမည်။

## နစ်နာကြေး

ပေးသွင်းသူများသည် ၎င်းတို့၏ ဝန်ထမ်းများအား အနိမ့်ဆုံးအနေဖြင့် ဥပဒေအရ ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးစံနှုန်းများအတိုင်းဖြစ်စေ သို့မဟုတ် အများလက်ခံသော လုပ်အားခဖြစ်စေ ပိုမြင့်သည့်လုပ်အားခနှုန်းနှင့် ကိုက်ညီသည့် နစ်နာကြေးပက်ကေ့ချ်များ ပံ့ပိုးပေးခြင်းဖြင့် မျှတစွာ နစ်နာကြေးပေးရမည်ဖြစ်ပြီး ဥပဒေ သို့မဟုတ် စာချုပ်ဖြင့် ပြဋ္ဌာန်းထားသည့် အဆွယ်အပွား အကျိုးခံစားခွင့်များလည်း ပံ့ပိုးပေးရမည်။ ဝန်ထမ်းများအား ဥပဒေသန္တရ ဥပဒေနှင့်အညီ အချိန်ပိုအတွက် နစ်နာကြေး အပြည့်အဝ ပေးအပ်ရမည်ဖြစ်ပြီး ဝန်ထမ်းတစ်ဦးချင်းအား လစာပေးကာလတစ်ခုစီအတွက် ရှင်းလင်းသော စာရင်းအင်းစာရွက်တစ်ခု ပေးအပ်ရပါမည်။ နစ်နာကြေးသည် အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များ ပြည့်မီရန်နှင့် ငွေပိုငွေလျှံအချို့ ပံ့ပိုးပေးရန် မလုံလောက်ပါက ပေးသွင်းသူများသည် ထိုသို့ပြည့်မီ ပံ့ပိုးပေးနိုင်သည့် နစ်နာကြေးပမာဏတစ်ခုကို တရွေ့ရွေ့ သိမြင်လာနိုင်စေသည့် သင့်လျော်သော လက်တွေ့ဆောင်ရွက်မှုများပြုလုပ်ရန် လုပ်ကိုင်ရပါမည်။

## ကျန်းမာရေးနှင့် ဘေးကင်းရေး

ပေးသွင်းသူများတွင် အလုပ်သမားအားလုံး၏ ဘေးကင်းရေး အန္တရာယ်ဖြစ်နိုင်ခြေများကို ဖော်ထုတ်ရန်၊ တားဆီးရန်နှင့် လျှော့ချရန် ကြိုတင်ပြင်ဆင်ဖို့ ချမှတ်ထားသည့် စနစ်များ ရှိရမည်။ ပေးသွင်းသူများသည် ၎င်း၏ ဝန်ထမ်းများအား အလုပ်ရှင်များ၏ အလုပ်ရုံများ လည်ပတ်ဆောင်ရွက်မှုများကြောင့် သို့မဟုတ် အလုပ် ဆောင်ရွက်နေစဉ်အတွင်း ပေါ်ထွက်လာသည့် သို့မဟုတ် ဖြစ်ပျက်နေသည့် ကျန်းမာရေးဆိုင်ရာ မတော်တဆမှုများနှင့် ထိခိုက်ဒဏ်ရာတို့ကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်ထားသည့် သန့်ရှင်း၊ ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီသော အလုပ်ပတ်ဝန်းကျင်တစ်ခု ပံ့ပိုးပေးရမည်။ ၎င်းတွင် မီးဘေး၊ မတော်တဆထိခိုက်မှုများနှင့် အဆိပ်ရှိသော ပစ္စည်းများအတွက် ကာကွယ်မှု ပါဝင်သည်။ အလင်းအမှောင်၊ အပူအအေးနှင့် လေဝင်လေထွက် စနစ်များမှာ ပြည့်စုံလုံလောက်ရမည်။ ပေးသွင်းသူများသည် ၎င်းတို့ လုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံများနှင့် လူမှုအသိုက်အဝန်းများတွင် အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် သင့်လျော်သော ဥပဒေအရ ပြဋ္ဌာန်းထားသည့် စံနှုန်းအားလုံးကို လိုက်နာရန် လိုအပ်ပါသည်။ ဝန်ထမ်းများအတွက် နေထိုင်ရန်ဖြစ်သော အဆောက်အအုံများ ပံ့ပိုးပေးထားသည့်အခါ အလားတူ စံနှုန်းများကို ကျင့်သုံးပါသည်။

## ပတ်ဝန်းကျင်

ပေးသွင်းသူများသည် စွမ်းအင်၊ ရေ၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေ၊ လေထုတ်လွှတ်မှုများနှင့် ဓာတုပစ္စည်းများကဲ့သို့ ရာသီဥတု သက်ရောက်မှုများနှင့် ပတ်သက်သည့် စွန့်စားမှုများကို လျှော့ချရန် စီမံခန့်ခွဲပြီး လုပ်ကိုင်ရပါမည်။ ပေးသွင်းသူများသည် လုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံများရှိ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုနှင့် ပတ်သက်သည့် ဥပဒေများနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာရမည်။ ပေးသွင်းသူများသည် ပတ်ဝန်းကျင်အပေါ် ပေးသွင်းသူ၏ အပျက်သဘော သက်ရောက်မှုများကို လျှော့ချရန် တာဝန်သိသော စီမံချက်များ လက်ခံကျင့်သုံးရမည်။

## လုံခြုံရေး

ပေးသွင်းသူများသည် အခြားအရပ်သို့ ပို့ကုန်များတွင် ရှင်းလင်းပြသမထားသည့် တင်ပို့ ကုန်ပစ္စည်း မိတ်ဆက်ပေးမှုကို တားဆီးကာကွယ်ရန် လုံခြုံရေး လုပ်ထုံးလုပ်နည်းများ ချမှတ်ရမည်။ အဆိုပါ ပစ္စည်းများတွင် မူးယစ်ဆေးဝါးများ၊ ဇီဝဗေဒ ပြောင်းလဲစေသော ပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ လက်နက်များ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ တရားမဝင် ဝင်ရောက်သူများနှင့် အခြားတရားမဝင် သွင်းကုန်၊ ပို့ကုန်တို့ ပါဝင်ပါမည်။ Delta သည် တင်သွင်းသော နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့် အနိမ့်ဆုံး သတ်မှတ်ပြဋ္ဌာန်းချက်များအဖြစ် ပြင်ပကုန်ထုတ်လုပ်သူများအတွက် အမေရိကန်ပြည်ထောင်စု Customs and Border Protection (CBP, အကောက်ခွန်နှင့် နယ်စပ်ဒေသ ကာကွယ်ရေး) ၏ Customs Trade Partnership Against Terrorism (CTPAT, အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ကုန်သွယ်မှု အကောက်ခွန် မိတ်ဖက်) လမ်းညွှန်ချက်များကို အသိအမှတ်ပြုလက်ခံပါသည်။

## အမျိုးသမီးများ၏ အခွင့်အရေးများ

ပေးသွင်းသူများသည် အမျိုးသမီး အလုပ်သမားများအနေဖြင့် အကျိုးခံစားခွင့်များ၊ တန်းတူညီသော ဆက်ဆံမှု၊ အလုပ်အတွက် တန်းတူညီသော အရည်အချင်း အကဲဖြတ်မှုနှင့် အမျိုးသားအလုပ်သမားများအတွက် လစ်လပ်သည့် ရာထူးအားလုံးတွင် ဝင်ရောက်လုပ်ကိုင်ရန် တန်းတူညီသော အခွင့်အလမ်း အပါအဝင် ပေးငွေ လက်ခံရရှိစေရန် သေချာလုပ်ဆောင်ပါသည်။ ကိုယ်ဝန်စစ်ဆေးမှုများသည် အလုပ်အကိုင်၏ သတ်မှတ်ချက် မဖြစ်ရပါ သို့မဟုတ် ဝန်ထမ်းများအား ကိုယ်ဝန်စစ်ဆေးရန် မတောင်းဆိုရပါ။ မီးဖွားခွင့် (ဒေသန္တရနှင့် နိုင်ငံတော် ဥပဒေများက ဆုံးဖြတ်ထားသည့် ကြာချိန်အထိ) ယူသည့် အလုပ်သမားများသည် ထုတ်ပယ်ခြင်း သို့မဟုတ် ထုတ်ပယ်ရန် ခြိမ်းခြောက်ခြင်း၊ လုပ်သက် ဆုံးရှုံးခြင်း သို့မဟုတ် လုပ်အားခများ ဖြတ်တောက်ခံရခြင်း ရင်ဆိုင်ကြုံတွေ့ရမည်မဟုတ်ဘဲ တူညီသော လစာနှင့် အကျိုးခံစားခွင့် နှုန်းထားဖြင့် ယခင် အလုပ်သို့

ပြန်လည်လာရောက်လုပ်ကိုင်နိုင်ပါမည်။ အလုပ်သမားများအား သန္ဓေတားဆေး အသုံးပြုရန် အတင်းအကျပ်မစေခိုင်းရပါ သို့မဟုတ် ဖိအားမပေးရပါ။ အလုပ်သမားများသည် ၎င်းတို့၏ မျိုးပွားစနစ်ဆိုင်ရာ ကျန်းမာရေး အပါအဝင် ဘေးကင်းရေးကို အန္တရာယ်ပြုနိုင်သည့် ကော်များနှင့် ပျော်ရည်များ အပါအဝင် ဘေးအန္တရာယ်များကို မထိတွေ့ရပါ။ ပေးသွင်းသူများသည် ကိုယ်ဝန်ဆောင်မှုနှင့် ပတ်သက်ပြီး အမျိုးသမီး အလုပ်သမားများအတွက် သင့်လျော်သော ဝန်ဆောင်မှုများနှင့် လိုက်လျောမှု ပံ့ပိုးပေးရမည်။

တစ်ဆင့်ခံကန်ထရိုက်ပေးခြင်း

ပေးသွင်းသူများသည် Delta Galil က ခွင့်ပြုစာပေးထားပြီး တစ်ဆင့်ခံကန်ထရိုက်တာက ဤကျင့်ဝတ်စည်းမျဉ်းနှင့်အညီ လိုက်နာရန် သဘောတူထားခြင်းမရှိသရွေ့ Delta Galil ထုတ်ကုန်များ သို့မဟုတ် အစိတ်အပိုင်းများ ထုတ်လုပ်မှုတွင် တစ်ဆင့်ခံကန်ထရိုက်တာများကို အသုံးမပြုရပါ။

ဤကိုယ်ပိုင်မူများဆိုင်ရာ ချိုးဖောက်မှုများကို ပေးသွင်းသူ၏ စရိတ်ဖြင့် လျော်ကန်စွာ ပြေလည်အောင် ပြန်လည်ဖြေရှင်းပေးရပါမည်။ Delta Galil သည် ဤစံနှုန်းများနှင့် နောက်ပိုင်း လေးစားလိုက်နာရေးကို သေချာဆောင်ရွက်ရန် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ပိုင်ခွင့် လက်ဝယ်ပိုင်ဆိုင်သည်။ အဆိုပါ စံနှုန်းများ လိုက်နာရန် ပျက်ကွက်ခြင်းသည် နောက်ဆုံးတွင် Delta Galil နှင့် ခွင့်ပြုချက်ရထားသော ပေးသွင်းသူကြား ဆက်ဆံရေး ရပ်စဲခြင်း ဖြစ်လာနိုင်စေပါသည်။